SHAN
HUMAN RIGHTS FOUNDATION
www.shanhumanrights.org shanhumanrightsfoundation@gmail.com


## ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှ နောက်ဆုံးရ လူ့အခွင့်အရေးချိုးဖေါက်မှုထုတ်ပြန်ချက်

၂၀၂၅ ခုနှစ် ဇူလိုင်လ ၂ ရက်

**စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများနှင့် လက်နက်ကြီးပစ်ခတ်မှုများကြောင့် တော်လှန်ရေးတပ်ဖွဲ့များ ထိန်းချုပ်ထားသော ကျောက်မဲ၊ မိုးကုတ်နှင့် နောင်ချိုမြို့ များတွင် အရပ်သား ၈ ဦးသေဆုံးပြီး ၂၉ ဦးဒဏ်ရာရ**

၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၄ ရက်မှ ဇူလိုင်လ ၁ ရက်နေ့အတွင်း တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) မှ ၂၀၂၄ နှစ်လယ်ပိုင်းမှစ၍ ထိန်းချုပ်ထားသော ကျောက်မဲ၊ မိုးကုတ်နှင့် နောင်ချိုမြို့များတွင် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများနှင့် လက်နက်ကြီးပစ်ခတ်မှုများကြောင့် အရပ်သား ၈ဦးသေဆုံးခဲ့ပြီး ၂၉ ဦးဒဏ်ရာရရှိခဲ့ကာ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း ၇ကျောင်း၊ ဗုဒ္ဓဘာသာစာသင်ကျောင်း ၁ ကျောင်းနှင့် ဗလီတစ်လုံးအပါအဝင် အဆောက်အအုံ ၅၀ ကျော်ပျက်စီးခဲ့သည်။

၂၀၂၅ ဇွန်လ(၂၄)ရက်မှဇူလိုင်လ(၁)ရက်ထိ ကျောက်မဲ၊မိုးကုတ်၊နောင်ချို မြို့နယ်များတွင် အရပ်သားများအား ထိခိုက်သေဆုံးစေခဲ့သည့်စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုနှင့်လက်နက်ကြီးပြစ်ခတ်မှု





*စစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှုကြောင့်ပျက်စီးသွားသော ကျောက်မဲမြို့ရှိစံပြစားသောက်ဆိုင်*



*စစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးသွားသော သက်ကြီးအမျိုးသမီး*

ဇွန်လ ၂၄ ရက်နေ့၊ ညနေ ၅ နာရီခန့်တွင် စစ်ကောင်စီတပ်မှလေကြောင်းဖြင့် ကျောက်မဲမြို့၊ ရပ်ကွက် ၃ နှင့် ရပ်ကွက် ၇ တို့ကို ပေါင် ၅၀၀ ဗုံးနှစ်လုံးကြဲချခဲ့ရာ အရပ်သား ၄ဦးသေဆုံးပြီး ၁၄ ဦးဒဏ်ရာရရှိကာ စားသောက် ဆိုင်တစ်ဆိုင်၊ ဗလီတစ်လုံးနှင့် ဘုန်းကြီးကျောင်း တစ်ကျောင်း အပါအဝင် အဆောက် အအုံ ၁၀လုံး ပျက်စီးခဲ့သည်။ သေဆုံးသူ လေးဦးမှာ ဗုံးကြဲခံရ ချိန်တွင် စံပြစားသောက်ဆိုင်အတွင်း၌ ရှိနေခဲ့ကြသော သက်ကြီးရွယ်အို အမျိုးသမီး သုံးဦးနှင့် လူငယ်တစ်ဦး ဖြစ်ပြီး နေရာတွင်ပင် ပွဲချင်းပြီးသေဆုံးခဲ့ကြသည်။ ၎င်း တို့မှာ ဒေါ်လှရီ (အသက် ၆၀ နှစ်)၊ ဒေါ်လှလှထော် (အသက် ၅၃ နှစ်)၊ ဒေါ်လှတင် (အသက် ၅၅ နှစ်) နှင့် ကိုသီ ဟနိုင် (အသက် ၂၂ နှစ်) တို့ဖြစ်ကြသည်။

ဇွန်လ ၂၅ ရက်နေ့တွင် ၎င်းတို့၏ရုပ်အလောင်းများကို ကျောက်မဲသုသာန်၌ သင်္ဂြိုဟ်ခဲ့သည်။

ဇွန်လ ၂၄ ရက်နေ့ဖြစ်စဉ်တွင် ကျောက်မဲမြို့မှ ဒဏ်ရာရရှိသူ ဆယ့်လေးဦးတွင် ခုနစ်ဦးမှာ အမျိုးသမီးများဖြစ်ကြပြီး ၎င်းတို့မှာ ဒေါ်ခင်ရီ (အသက် ၆၀ နှစ်)၊ ဒေါ်လှလှသိန်း (အသက် ၅၅ နှစ်)၊ ဒေါ်လှလှရီ (အသက် ၅၂ နှစ်)၊ ဖြိုးဝေဝေကျော် (အသက် ၃၃ နှစ်)၊ အေးစံမိုး (အသက် ၂၅ နှစ်)၊ ပေါက်ဘဲ (အသက် ၂၂ နှစ်) နှင့် မရွှန်းလဲ့ရည် (အသက် ၁၇ နှစ်) တို့ဖြစ်ကြသည်။ ဒဏ်ရာရသူများထဲမှ အမျိုးသားသုံးဦးမှာ ဦးလှငွေး (အသက် ၆၃ နှစ်)၊ ဦးအောင်ထွန်း (အသက် ၅၅ နှစ်) နှင့် မောင်ကျော်ဇောဟိန်း (အသက် ၁၉ နှစ်) တို့ဖြစ်ကြပြီး ငါးနှစ်အ ရွယ်ယောကျ်ား လေး

တစ်ဦးဖြစ်သူ စောစောလည်းပါဝင်သည်။ ကျန်သုံးဦး၏အသေးစိတ် အချက်အလက် များကို မသိရှိရသေးပေ။ ဒဏ်ရာ ရရှိသူများမှာ ကျောက်မဲမြို့ရှိဆေးရုံများတွင်ကုသမှုခံယူနေသည်။

ယခင်က ၂၀၂၅ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် စစ်ကောင်စီက ကျောက်မဲမြို့ကို အလားတူ ဗုံးနှစ်လုံးကြဲချတိုက်ခိုက်ခဲ့ဖူးသော်လည်း အရပ်သားထိခိုက်သေဆုံးမှုမရှိခဲ့ပေ။

ဇွန်လ ၂၅ ရက်နေ့၊ ည ၁၁ နာရီတွင် စစ်ကောင်စီတိုက်လေယာဉ်တစ်စင်းက မိုးကုတ်မြို့ရှိအုံးကိုင်းဘုန်း ကြီးကျောင်း ကို ပေါင် ၃၀၀ ဗုံးတစ်လုံးကြဲချခဲ့ရာ အရပ်သားလေးဦးဒဏ်ရာရရှိပြီး အုံးကိုင်းဘုရားနှင့် နေအိမ်ငါးလုံးပျက်စီးခဲ့သည်။

ဇွန်လ ၂၅ ရက်နေ့၊ ည ၁၀ နာရီတွင် စစ်ကောင်စီတပ်များက ကံကြီးကျေးရွာမှ နောင်ချိုမြို့၊ ဈေးရပ်ကွက်အတွင်းသို့ လက်နက်ကြီးရှစ်လုံးပစ်ခတ်ခဲ့သည်။ ထိုလက်နက်ကြီးများကြောင့် ဈေးရပ်ကွက်ရှိ နေအိမ်နှစ်လုံးပျက်စီးခဲ့သည်။

ဇွန်လ ၂၆ ရက်နေ့၊ နံနက် ၈ နာရီတွင် စစ်ကောင်စီတပ်များက ဈေးရပ်ကွက်အတွင်းသို့ (ဟောင်ဝစ်ဇာ) လက်နက်ကြီးလေးလုံး ထပ်မံပစ်ခတ်ခဲ့ရာ အမျိုးသားတစ်ဦးဒဏ်ရာရရှိပြီး နေအိမ်တစ်လုံး ပျက်စီးခဲ့သည်။


ဇွန်လ ၂၇ ရက်နေ့၊ နံနက်အစောပိုင်း ၁ နာရီမထိုးမီ ၁၀-၂၀ မိနစ်အလိုတွင် စစ်ကောင်စီတိုက်လေယာဉ်တစ်စင်းက ကျောက်မဲမြို့၊ ရပ်ကွက် ၇ ရှိ လျှပ်စစ်ဓာတ်အားပေးရုံ (EPC) အနီးသို့ ပေါင် ၅၀၀ ဗုံးနှစ်လုံးကြဲချခဲ့ရာ မမိုးနှောင်း (အသက် ၅၀ နှစ်) သေဆုံးပြီး ဖြိုးသန်းကျော် (အသက် ၁၉ နှစ်) နှင့် စောထူးလင်း (အသက် ၁၇ နှစ်) လူငယ်နှစ်ဦးတို့ဒဏ်ရာရရှိခဲ့သည်။ ခရိုင်ဆောက်လုပ်ရေးညွှဲဂေဟာနှင့် နေအိမ်နှစ်လုံးပျက်စီးခဲ့သည်။

ဇွန်လ ၂၉ ရက်နေ့၊ နေ့လယ် ၂ နာရီခွဲတွင် စစ်ကောင်စီတိုက်လေယာဉ်တစ်စင်းက ကျောက်မဲမြို့၊ ရပ်ကွက် ၁ သို့ ပေါင် ၅၀၀ ဗုံးနှစ်လုံးကြဲချခဲ့ရာ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးသုံးဦးဒဏ်ရာရရှိပြီး ကမ္ဘောဇဘုန်းကြီးကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတစ်ကျောင်းနှင့် နေအိမ်ဆယ့်ငါးလုံးပျက်စီးခဲ့သည်။ ည ၈:၃၀ မှ ၉:၀၀ နာရီအတွင်း စစ်ကောင်စီတိုက်လေယာဉ်တစ်စင်းက ကျောက်မဲမြို့၊ ရပ်ကွက် ၇ သို့ ပေါင် ၅၀၀ ဗုံးနှစ်လုံးနှင့် Cluster ဗုံးတစ်လုံးကြဲချခဲ့ရာ နေအိမ်လေးလုံးနှင့် ဘုန်းကြီးကျောင်းတစ်ကျောင်းပျက်စီးခဲ့သည်။

ဇွန်လ ၂၉ ရက်နေ့တွင် စစ်ကောင်စီတပ်မှ ဂျက်ဖိုက်တာဖြင့် နောင်ချိုမြို့ဈေးရပ်ကွက်ကို ပေါင် ၅၀၀ ဗုံး ၂ လုံးကြဲချခဲ့ရာ နေအိမ်အများအပြား ပျက်စီးခဲ့သည်။လေကြောင်းတိုက်ခိုက်မှုအပြီး ည ၁၁ နာရီတွင် နောင်ချို မြို့အနီး တစ်ပိုက်ရှိ စစ်ကောင်စီတပ်သည် မြို့အတွင်းသို့လက်နက်ကြီးအများအပြားပစ်ခတ်ခဲ့သည်။

ဇူလိုင်လ ၁ ရက်နေ့ ညနေ ၃နာရီခန့်တွင် စစ်ကောင်စီတပ်သည် နောင်ချိုမြို့ သုံးဆယ်ကျေးရွာကို ဂျက်ဖိုက်တာများဖြင့် လေကြောင်းမှ ဗုံး ၁၁လုံးကြဲချတိုက်ခိုက်ခဲ့ရာ အမျိုးသား ၃ဦးသေဆုံးကာ ၁ဦးဒဏ်ရာရခဲ့ပြီး နေအိမ် ၂လုံးနှင့် ဘုန်းကြီးကျောင်း ၂ကျောင်း ပျက်စီးခဲ့သည်

၂၀၂၅ ဇွန်လ(၂၄)မှ(၂၉)ရက်အထိကျောက်မဲမြို့အတွင်း အရပ်သားများကို ထိခိုက်သေဆုံးစေခဲ့သော စစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှု




ဇွန်လအတွင်း နောင်ချိုမြို့နယ်ရှိ ပြင်ဦးလွင်-မိုးကုတ်လမ်းတလျှောက်တွင် စစ်ကောင်စီတပ်များနှင့် မန္တလေး ပြည်သူ့ကာကွယ်ရေးတပ်မတော် (MDY-PDF) နှင့် TNLA တို့၏ ခုခံတော်လှန်ရေးတပ်ဖွဲ့များကြား နေ့စဥ်နီးပါးတိုက် ပွဲများဖြစ်ပွားခဲ့သည်။

| **စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများနှင့် လက်နက်ကြီးပစ်ခတ်မှုများကြောင့် ကျောက်မဲ၊ မိုးကုတ်နှင့် နောင်ချိုမြို့ များတွင် အရပ်သားထိခိုက်သေဆုံးမှု (၂၄ ဇွန်-၁ ဇူလိုင် ၂၀၂၅)** | | | | | | | | |
|---|---|---|---|---|---|---|---|---|
| **စဥ်** | **ရက်စွဲ** | **ကျေးရွာ/ ရပ်ကွက်၊ မြို့နယ်** | **အကြောင်း အ ရာ** | **အရပ်သား သေဆုံးမှု** | | **အရပ်သား ဒဏ်ရာရမှု** | | **ပြည်သူပိုင် အဆောက်အအုံ ပျက်စီးမှု** |
| | | | | **အချက် အလက်** | **ဦးရေ** | **အချက် အလက်** | **ဦးရေ** | |
| ၁ | ၂၄.၆.၂၅ | ရပ်ကွက် ၃၊ရပ်ကွက် ၇၊ ကျောက်မဲမြို့ | ညနေ ၅ နာရီတွင် စစ်ကောင်စီ တပ်မှ ဂျက်ဖိုက်တာဖြင့် | မ ၃ ကျား ၁ | ၄ | မ ၇ ကျား ၄ ကလေး ၁ | ၁၄ | အိမ် ၁၀လုံး ဗလီဘုန်းကြီး ကျောင်း ၁၊ ကား ၁၀စီး |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ပေါင် ၅၀၀ ဗုံး ၂ လုံးကြဲချ | | | | | |
| ၂ | ၂၅.၆.၂၀၂၅ | အုံးကိုင်းရပ်၊ မိုးကုတ်မြို့ | ည ၁၁နာရီ ခန့်တွင် စစ် ကောင် စီဂျက် ဖိုက် တာမှ အုံးကိုင်းဘုန်းတော်ကြီး ကျောင်းကို ပေါင်-၃၀၀ ဗုံးဖြင့်ကြဲ | | | | ၄ | အိမ် ၅လုံး ဘုန်းကြီးကျောင်း ၁ ကား၁ |
| ၃ | ၂၅.၆.၂၀၂၅ | ဈေးရပ်ကွက် နောင်ချိုမြို့ | ည ၁၀နာရီ ခန့်တွင် စစ် ကောင်စီမှ လက်နက် ကြီး ၈လုံး ပစ်ခတ် | | | | | အိမ် ၂လုံး၊ဘုန်း တော်ကြီးကျောင်း ၁ |
| ၄ | ၂၆.၆.၂၀၂၅ | ဈေးရပ်ကွက် နောင်ချိုမြို့ | မနက် ၈ နာရီခန့်တွင် စစ်ကောင်စီမှ လက် နက်ကြီး ၄ လုံး | | | ကျား ၁ | ၁ | အိမ် ၁လုံးပျက်စီး |
| ၅ | ၂၇.၆.၂၅ | ရပ်ကွက် ၇ ကျောက်မဲမြို့ | ည ၁၂ နာရီ ခွဲတွင် စစ် ကောင်စီဂျက်ဖိုက်တာမှ ပေါင် ၅၀၀ ဗုံး၂ လုံး ကြဲချ | မ ၁ | ၁ | ကျား ၂ | ၂ | ဧည့်ရိပ်သာ ၁ လုံး အိမ် ၂ လုံးပျက်စီး |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၆ | ၂၉.၆.၂၀၂၅ | ရပ်ကွက် ၁ ကျောက်မဲ | နေ့ခင်း ၂း၃၀ တွင် စစ်ကောင်စီမှ ဂျက်ဖိုက်တာဖြင့် ပေါင် ၅၀၀ ဗုံး ၂လုံး ကြဲချ | | | မ ၄ ကျား ၃ | ၇ | အိမ် ၁၅ လုံး ဘုန်းကြီးကျောင်း ၁ စာသင်ကျောင်း ၁ |
| ၇ | ၂၉.၆.၂၅ | ရပ်ကွက် ၇ ကျောက်မဲမြို့ | ည ၈း၃၀-၉း၀၀ နာရီတွင် စစ်ကောင်စီ ဂျက်ဖိုက်တာမှ ပေါင် ၅၀၀ဗုံးနှင့် cluster ဗုံးများဖြင့် ကြဲချ | | | | | အိမ် ၄လုံး ဘုန်းကြီးကျောင်း၁ |
| ၈ | ၂၉.၆.၂၀၂၅ | ဈေးရပ်ကွက် နောင်ချိုမြို့ | စစ်ကောင်စီတပ်မှ ဂျက်ဖိုက်တာ ဖြင့် နောင်ချိုမြို့ အတွင်းသို့ ပေါင် ၅၀၀ နှစ်လုံးဖြင့် ကျဲချ | | | | | နေအိမ်အများအပြား ပျက်စီး |
| ၉ | ၁.၇.၂၀၂၅ | သုံးဆယ်ရွာ နောင်ချို | စစ်ကောင်စီတပ်မှ ဂျက်ဖိုက်တာဖြင့် ဗုံး ၁၁ လုံး ကျဲ ချ | ကျား ၃ | ၃ | ကျား ၁ | ၁ | နေအိမ် ၂လုံး ဘုန်းကြီး ကျောင်း၂ |

| | | | |
|---|---|---|---|
| စုစုပေါင်း | ၈ ဦး | ၂၉ ဦး | အိမ် ၄၁ လုံး၊ ကား ၁၁ စီး၊ ဘုန်းကြီးကျောင်း ၇လုံး၊ ဗလီ ၁၊ စားသောက် ဆိုင် ၁ ကျောင်း ၁၊ ဆေး့ဂေဟာ ၁ |

**ဆက်သွယ်ရန်**


စိုင်းဟော်ရှဲန် +66 94 728 6696 Signal (ရှမ်း, အင်္ဂလိပ်)

ယိင်းလျှန်းဟန် +1 825 425 4099 Signal (မြန်မာ)